"ကိုယ့်အသားကိုယ် လှီးစားကြပေါ့ကွာ"

"ဟင်း"

အိမ်ရှင်ဖြစ်သော သူကပင် မနေနိုင်ဘဲ ဝင်ပြောရသည် ။

"ဟိတ်ကောင်တွေ ... အပြင်မှာ ဝယ်စားလို့ လည်း ရတယ်။ အေး ... အိမ်မှာ လည်း ဘာခက်လဲကွာ။ ရိက္ခာတွေလည်း ဝယ်ထားမှာ ပေါ့ ....

ငါ့အမေကလည်း ငါးပိကြော်တို့ အမဲကြော်တို့ လုပ်ပေးခဲ့မှာ ပါပဲ ....

ထမင်းကို Rice Cooker နဲ့ တော့ ငါလည်း ချက်တတ်ပါတယ်။ ကြက်ကြော်ဆိုလည်း ဆီပူလာရင် ဆီအိုးထဲ ကြက်သားပစ်ထည့်ပေါ့ကွာ။ ဖြစ်နေတာပဲ"

"အေးလေ .... အရေးထဲ မစားရ မသောက်ရမှာ ဘဲ တွေးပူနေတယ်"

"ဒါဆိုရင် ငါတို့ အိမ်တွေကို ပြောရမှာ ပေါ့။ အိုကေ .... ပြီးတာပေါ့။ ဒီနှစ်ကတော့ အလန်းဆုံးဖြစ်ပြီပဲ"

ဘာရယ်တော့ မဟုတ်ပေ။ လွတ်လပ်ခြင်းကို တရားလွန်သုံးစွဲနေကြသော လူငယ်တွေမဟုတ်ပေမဲ့ လူကြီးမိဘတွေ ခရီးသွားခိုက်မှာ ကိုယ့်သူငယ်ချင်း အချင်းချင်း လွတ်လွတ်လပ်လပ် စုဝေးနေကြရမှာ ကို သူတို့ ပျော်သည် ။ ဒီလို တစ်အိမ်တည်းမှာ စုဝေးသောင်းကျန်းခွင့်ကို သူတို့ ဘယ်တုံးကမှ ရခဲ့ဖူးတာမဟုတ်ချေ။ ဒါကြောင့် သင်္ကြန်မှာ စုဝေးခွင့်ရခြင်းသည် အတွေ့အကြုံသစ်တစ်ခုလို ပူနွေးရင်ခုန်စေပါသည် ။

"ကဲ ... ခုချိန်ကစပြီး ရေများများ စုထားရမယ်ပေါ့"

"ဘီယာလေးလည်း စုဦးမှ ၊ သင်္ကြန်တွင်းဆို ဈေးတက်မှာ "

"ဓာတ်ဆီလည်း စုရမယ်ဟေ့"

